ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# မြန်မာ့ဆန်များ တရုတ်နိုင်ငံဈေးကွက်သို့ ဝင်ရောက်ခွင့် ပို့ကုန်လမ်းညွှန်ချက်များ

ရက်စွဲ၊ ၂၀၂၃ ခုနှစ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | မြန်မာ့ဆန်တင်ပို့မှု | ၁ - ၂ |
| ၃။ | မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု | ၃ - ၅ |
| ၄။ | ဆန်ပို့ကုန်လိုင်စင်လျှောက်ထားရာတွင်လိုအပ်သည့် စာရွက်စာတမ်းများ | ၅ - ၆ |
| ၅။ | တရုတ်နိုင်ငံမှ ဆန်ဝယ်ယူနေသည့်နိုင်ငံများ | ၆ - ၇ |
| ၆။ | တရုတ်နိုင်ငံ၏ ဆန်တင်သွင်းမှုမူဝါ | ၇ - ၉ |
| ၇။ | မြန်မာနိုင်ငံမှတရုတ်နိုင်ငံသို့ဆန်တင်ပို့နှင့်စပ်လျဉ်း ကုန်သွယ်မှုဆိုင်ရာအခွန်သက်သာခွင့်များ | ၉ - ၁၀ |
| ၈။ | တရုတ်နိုင်ငံသို့ဆန်တင်ပို့သူများသိရှိရန်အချက်များ | ၁၀ - ၁၄ |
| ၉။ | မြန်မာနိုင်ငံမှဆန်ကိုတရုတ်နိုင်ငံသို့တင်ပို့ရန် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေးသဘောတူစာချုပ် | ၁၄ - ၁၅ |
| ၁၀။ | တရုတ်နိုင်ငံသို့ အစားအသောက်တင်ပို့သည့်လုပ်ငန်းများ မှတ်ပုံတင်ခြင်း | ၁၅ - ၂၀ |
| ၁၁။ | တရုတ်နိုင်ငံ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ | ၂၁ - ၂၅ |
| ၁၂။ | ဆန်စပါးတင်သွင်းမှုဆိုင်ရာအစားသောက်ဘေးကင်းရေး ပိုးမွှားကင်းစင်မှုဆိုင်ရာသတ်မှတ်ချက်များ | ၂၆ |
| ၁၃။ | နောက်ဆက်တွဲများ -<br>နောက်ဆက်တွဲ(က)<br>နောက်ဆက်တွဲ(ခ) | |

## မြန်မာ့ဆန်များ တရုတ်နိုင်ငံဈေးကွက်သို့ ဝင်ရောက်ခွင့် ပို့ကုန်လမ်းညွှန်ချက်များ

**နိဒါန်း**

၁။ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်များတွင် ဆန်သည် ပြည်တွင်းစားသုံးမှုအတွက် အဓိက စားသုံးသီးနှံဖြစ်သကဲ့သို့ နိုင်ငံခြားဝင်ငွေရရှိရေးအတွက် အဓိကပို့ကုန်ဖြစ်ပြီး ဆန်အရည်အသွေး နှင့် အရေအတွက်တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ဆန်ပို့ကုန်မြှင့်တင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါ သည်။ နိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်းကျော်သည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် တိုက်ရိုက် သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်လျက်ရှိသဖြင့် အလုပ်အကိုင်ဖန်တီး ရေး၊ ပို့ကုန်ဝင်ငွေတိုးတက်ရရှိရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားပို့ကုန်မဟာဗျူဟာကို အကောင်အထည်ဖော်လျက်ရှိပါသည်။ ခေတ်မီသောစိုက်ပျိုးမှုနည်းလမ်းများနှင့် နည်းပညာများကို အသုံးပြု၍ ထုတ်လုပ်မှုစွမ်းအားနှင့် အရည်အသွေးမြှင့်တင်ရန်၊ ပို့ကုန်တန်ဖိုးကွင်း ဆက်ခိုင်မာအားကောင်းစေရန် ဆောင်ရွက်လျက် ရှိပါသည်။ ဆန်ကို ပြည်တွင်း/ပြည်ပ ရောင်းချရာတွင်လည်း ကြီးမားကျယ်ပြန့်သည့် ဈေးကွက်ဖြစ် သဖြင့် ပြည်ပသို့တင်ပို့ရာ၌ အရည်အသွေးနှင့် ဝယ်လိုအားကို ဖြည့်ဆည်းနိုင်ရန်အတွက် ဈေးကွက် ရရှိပြီးဖြစ်သည့် ပြည်ပနိုင်ငံများ၏ မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်း စည်းကမ်းများကိုလည်း သိရှိလိုက်နာဆောင်ရွက်မှသာ ဈေးကွက်ဝင်ရောက်ခွင့်လွယ်ကူပြီး ပို့ကုန်မြှင့်တင်နိုင်မည်ဖြစ်ပါ သည်။ ဆန်ကို အဓိကတင်ပို့နေရသည့် အိမ်နီးချင်းတရုတ်နိုင်ငံဈေးကွက်၏ ဆန်တင်သွင်းမှုဆိုင်ရာ မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများကို သိရှိစေရန် ထုတ်နှုတ်ဖော်ပြထားပါသည်။

**မြန်မာ့ဆန်တင်ပို့မှု**

၂။ မြန်မာနိုင်ငံမှ ဆန်တင်ပို့မှုကို လေ့လာရာ၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာ နှစ်ထိ ၅ နှစ်တာကာလတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ တန်ချိန် ၂.၆ သန်းခန့်ဖြင့် အမေရိကန် ဒေါ်လာ ၇၉၄ သန်းကျော် တင်ပို့နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

# ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်(၃-၂-၂၀၂၃အထိ ယာယီ )
# ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုစာရင်း(ပင်လယ်ရေကြောင်း+နယ်စပ်)

တန်ဖိုး - ဒေါ်လာသန်းပေါင်း

| စဉ် | ဘဏ္ဍာနှစ် | ရေတွက်ပုံ | ဆန် | | | | | | ဆန်ကွဲ | | | | | | ဆန်+ဆန်ကွဲ | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ပင်လယ်ရေကြောင်း | | နယ်စပ် | | ပေါင်း | | ပင်လယ်ရေကြောင်း | | နယ်စပ် | | ပေါင်း | | စုစုပေါင်း | |
| | | | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး |
| ၁ | ၂၀၁၈-၂၀၁၉ | တန် | ၁၂၂၃၇၆၅ | ၃၈၉.၁၃၇ | ၆၁၂၈၅၁ | ၁၈၃.၃၇၃ | ၁၈၃၆၆၁၆ | ၅၇၂.၅၁၀ | ၄၈၄၂၆၄ | ၁၂၈.၃၅၃ | ၃၅၀၂၁ | ၈.၈၂၉ | ၅၁၉၂၈၅ | ၁၃၇.၁၈၂ | ၂၃၅၅၉၀၁ | ၇၀၉.၆၉၂ |
| ၂ | ၂၀၁၉ - ၂၀၂၀ | တန် | ၁၃၀၃၁၆၈ | ၄၃၅.၅၈၅ | ၃၀၆၀၂၇ | ၉၂.၁၄၆ | ၁၆၀၉၁၉၅ | ၅၂၇.၇၃၁ | ၈၅၆၅၉၉ | ၂၃၂.၉၀၅ | ၁၂၀၅၈၅ | ၃၃.၇၅၁ | ၉၇၇၁၈၄ | ၂၆၆.၆၅၆ | ၂၅၈၆၃၇၉ | ၇၉၄.၃၈၇ |
| ၃ | ၂၀၂၀ - ၂၀၂၁ | တန် | ၇၆၆၀၉၉ | ၃၀၉.၄၃၈ | ၃၀၇၈၆၁ | ၁၂၁.၀၃၃ | ၁၀၇၃၉၅၉ | ၄၃၀.၄၇၁ | ၄၈၅၀၈၆ | ၁၆၂.၅၂၈ | ၃၁၇၁၂၈ | ၁၀၇.၁၃၃ | ၈၀၂၂၁၄ | ၂၆၉.၆၆၁ | ၁၈၇၆၁၇၃ | ၇၀၀.၁၃၂ |
| ၄ | ၂၀၂၁ - ၂၀၂၂ (Mini Budget) | တန် | ၈၅၉၇၈၃ | ၂၈၅.၆၅၂ | ၂၄၄၂၁ | ၇.၈၂၃ | ၈၈၄၂၀၄ | ၂၉၃.၄၇၅ | ၄၈၇၀၀၈ | ၁၄၇.၅၁၆ | ၁၀၈၇၃ | ၃.၂၉၂ | ၄၉၇၈၈၁ | ၁၅၀.၈၀၈ | ၁၃၈၂၀၈၆ | ၄၄၄.၂၈၃ |
| ၅ | ၂၀၂၂ - ၂၀၂၃ (၃-၂-၂၀၂၃ ထိ) (ယာယီ) | တန် | ၉၇၅၄၈၅ | ၃၇၇.၁၅၅ | ၁၅၅၁၆၆ | ၅၆.၉၉၂ | ၁၁၃၀၆၅၁ | ၄၃၄.၁၄၇ | ၄၈၃၈၉၄ | ၁၆၃.၉၁၂ | ၂၁၈၆၁၃ | ၇၆.၅၂၆ | ၇၀၂၅၀၇ | ၂၄၀.၄၃၈ | ၁၈၃၃၁၅၇ | ၆၇၄.၅၈၅ |






**မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု**

၃။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲတင်ပို့မှုမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တန်ချိန် ၇.၇၅ သိန်းကျော်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁.၁ သန်းကျော်တင်ပို့နိုင်ခဲ့ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်(၃-၂-၂၀၂၃ ထိ) ငါးနှစ်အတွင်း တင်ပို့မှုကို အောက်ပါအတိုင်းတွေ့ရှိရပါသည် -

**တရုတ်နိုင်ငံသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုစာရင်း**

တန်ချိန်-မက်ထရစ်တန်

| **စဉ်** | **ဘဏ္ဍာနှစ်** | **တန်ချိန်** |
|---|---|---|
| ၁ | ၂၀၁၈-၂၀၁၉ | ၇၇၅၄၆၉ |
| ၂ | ၂၀၁၉-၂၀၂၀ | ၇၇၅၈၈၅ |
| ၃ | ၂၀၂၀-၂၀၂၁ | ၁၁၁၈၃၃၉ |
| ၄ | ၂၀၂၁-၂၀၂၂<br>(Mini Budget) | ၃၆၉၈၅၆ |
| ၅ | ၂၀၂၂-၂၀၂၃<br>(၃.၂.၂၀၂၃)ထိ(ယာယီ) | ၆၆၇၇၆၉ |

Source: Customs Data




**တရုတ်နိုင်ငံသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုစာရင်း**

တန်ဖိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | ဘဏ္ဍာနှစ် | အမေရိကန်ဒေါ်လာသန်း |
|---|---|---|
| ၁ | ၂၀၁၈-၂၀၁၉ | ၇၀၉.၆၉ |
| ၂ | ၂၀၁၉-၂၀၂၀ | ၇၉၄.၃၉ |
| ၃ | ၂၀၂၀-၂၀၂၁ | ၇၀၀.၁၃ |
| ၄ | ၂၀၂၁-၂၀၂၂ (Mini Budget) | ၄၄၄.၂၈ |
| ၅ | ၂၀၂၂-၂၀၂၃ (၃.၂.၂၀၂၃)အထိ (ယာယီ) | ၆၇၄.၅၉ |

Source: Customs Data




**ဆန်ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် လိုအပ်သည့်စာရွက်စာတမ်းများ**

၄။ ပြည်ပသို့ပင်လယ်ရေကြောင်းနှင့်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတင်ပို့လျှင် အောက်ပါအချက်များ လိုအပ်ပါသည် -

- ကုမ္ပဏီ၏ Letter Head ဖြင့်လျှောက်လွှာ
- ကုမ္ပဏီ၏ Letter Head ဖြင့် Proforma Invoice
- လျှောက်ထားသည့်ဆန်အမျိုးအစား၊ ဈေးနှုန်း သည်

မှတ်ချက်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏(ဗုဒ္ဓဟူးနေ့) အပတ်စဉ်တိုင်း ထွက်ရှိသည့် ဆန်အမျိုးအစား၊ ဈေးနှုန်းနှင့်ကိုက်ညီရမည်။

Source : ကုန်သွယ်ရေးဦးစီးဌာန

၅။ မြန်မာနိုင်ငံမှ ဆန်ပို့ကုန် (HS 10.06)အတွက် သက်ဆိုင်ရာ ဆန်အမျိုးအမည်များ အလိုက်ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုအပ်ပြီး Phytosanitary Certificate ကို သတ်မှတ် အခကြေးငွေများ ပေးသွင်း၍ လျှောက်ထားရယူရန် လိုအပ်ပါသည်။

၆။ ဆန်အမျိုးအစားများအလိုက် HS Code များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

## 1006 Rice.

**100610** - Rice in the husk (paddy or rough):

1006101000 - - Suitable for sowing

**1006109000 - - Other**

**100620** - Husked (brown) rice
**1006209010 - - - - - - Shwebo Khunni**
**1006209020 - - - - - - Ngasein**
**1006209030 - - - - - - Paw Sah Hmwe**
**1006209040 - - - - - - Emata**
**1006209090 - - - - - - Other**

**100630** - Semi-milled or wholly milled rice, whether or not polished or glazed:
1006303010 - - - - - - Kauknyin, Myanmar 15%
**1006303090 - - - - - - Other**
1006309100 - - - Parboiled rice
**1006309900 - - - Other**

100640 **- Broken rice:**
**10064010 - - Of a kind used for animal feed**
**1006401000 - - Of a kind used for animal feed**

10064090 - - Other

1006409010 - - - - - - B Extra
1006409020 - - - - - - B 1 & 2 Extra
1006409030 - - - - - - B 1 & 2 Mixed
1006409040 - - - - - - B 2, 3 & 4 Mixed
1006409090 - - - - - - Other

### တရုတ်နိုင်ငံမှ ဆန်ဝယ်ယူနေသည့်နိုင်ငံများ

၇။ ၂၀၂၁ ခုနှစ်စာရင်းအရ တရုတ်နိုင်ငံမှ ဆန်ဝယ်ယူတင်သွင်းနေသောနိုင်ငံများစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

တန်ချိန်-မက်ထရစ်တန်

| စဉ် | နိုင်ငံ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| (က) | အိန္ဒိယ | ၁၀ | ၁၀၀ | ၉၈၇ | ၃၈၇၈ | ၁၀၈၉၄၉၈ |
| (ခ) | ဗီယက်နမ် | ၂၂၆၄၆၄၇ | ၁၄၄၉၆၀၂ | ၄၇၉၁၀၈ | ၇၈၇၅၃၈ | ၁၀၇၆၄၉၇ |
| (ဂ) | ပါကစ္စတန် | ၂၇၂၇၇၈ | ၃၄၂၃၄၆ | ၆၀၃၆၀၉ | ၄၇၄၈၁၄ | ၉၆၂၀၄၀ |
| (ဃ) | မြန်မာ | ၈၁၇၃၄ | ၇၇၃၆၈ | ၅၄၅၇၂၉ | ၉၁၀၆၆၁ | ၇၉၅၃၂၄ |
| (င) | ထိုင်း | ၁၁၁၆၆၄၈ | ၈၉၉၂၃၇ | ၅၂၆၂၅၆ | ၃၂၄၆၄၂ | ၆၀၀၀၁၅ |
| (စ) | ကမ္ဘောဒီးယား’ | ၁၇၈၇၆၆ | ၁၆၂၈၁၅ | ၂၂၄၈၉၃ | ၂၃၂၇၈၇ | ၃၀၁၃၆၆ |
| (ဆ) | တရုတ်(တိုင်ပေ) | ၁၄၁ | ၂၈၀၁၀ | ၄၈၅၁၃ | ၉၉၉၂ | ၇၀၀၂၀ |

| | | | | | | |
|---|---|---|---|---|---|---|
| (ဇ) | လာအို | ၇၃၁၈၀ | ၇၃၆၇၀ | ၇၂၅၃၅ | ၇၅၂၈၁ | ၂၈၆၁၃ |
| (ဈ) | ဂျပန် | ၃၃၄ | ၄၈၉ | ၁၀၄၈ | ၉၄၅ | ၆၂၀ |
| (ည) | ရုရှား | ၃၆၉၂ | ၁၈၂၆ | ၅၉၁ | ၂၆၉ | ၁၂၀ |
| (ဋ) | အခြားနိုင်ငံများ | ၂၂၅ | ၃၃ | ၁၆ | ၆၃ | ၈၉ |
| | စုစုပေါင်းတင်သွင်းမှု | ၃၉၉၂၁၅၅ | ၃၀၃၅၄၉၆ | ၂၅၀၃၂၈၅ | ၂၉၁၀၈၇၀ | ၄၉၂၄၂၀၂ |

Source: Trademap

**တရုတ်နိုင်ငံ၏ ဆန်တင်သွင်းမှုမူဝါဒ**

၈။ တရုတ်နိုင်ငံမှ ဆန်ကိုတာ(Quota)တင်သွင်းမှုကို တရုတ်အမျိုးသားဖွံ့ဖြိုးတိုးတက်မှုပြုပြင်ပြောင်းလဲရေးကော်မရှင် (National Development and Reform Commission) မှ နှစ်စဉ်စက်တင်ဘာ ၊ အောက်တိုဘာလ တို့တွင် ထုတ်ပြန်ပြီး လက်ရှိ တန်ချိန် ၅.၃၂ သန်း (comprising 2.66 million tons of long-grain rice and 2.66 million tons of medium-and-short-grain rice), 50% of which comes under the state-run trade quota) တင်သွင်းမည်ဖြစ်ကြောင်း ထုတ်ပြန်ထားပါသည်။တင်သွင်းမှု၏ ၅၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံ အစိုးရပိုင်လုပ်ငန်းများ (SOEs) နှင့် ပုဂ္ဂလိကကို ၅၀ ရာခိုင်နှုန်းတင်သွင်း ခွင့်ပြုထားပါသည်။

၉။ တရုတ်နိုင်ငံသို့ ဆန်တင်သွင်းခွင့်ရရှိထားသော နိုင်ငံများမှာ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ ဂျပန်၊ လာအို၊ မြန်မာ၊ ပါကစ္စတန်၊ ထိုင်း၊ ဥရုဂွေး၊ ဗီယက်နမ်၊ ထိုင်ဝမ်၊ အမေရိကန်နှင့် အီတလီတို့ဖြစ်ပြီး စပါးကို ရုရှားနိုင်ငံထံမှ တင်သွင်းခွင့်ပြုထားပါသည်။

**တရုတ်နိုင်ငံ၏ ဆန်အမျိုးအစားအလိုက် တင်သွင်းခွင့်ပြုထားသည့်နိုင်ငံများ**

| စဉ် | စပါး (Paddy Rice) တင်သွင်းခွင့်ရရှိသောနိုင်ငံ |
|---|---|
| ၁။ | ရုရှား |

ပင်ရင်း။ တရုတ်အကောက်ခွန်

| စဉ် | ကြိတ်ခွဲဆန် (Milled Rice) တင်သွင်းခွင့်ရရှိသောနိုင်ငံ |
|---|---|
| ၁။ | ကမ္ဘောဒီးယား✱ |
| ၂။ | အိန္ဒိယ (Basmati and Non-Basmati) |
| ၃။ | ဂျပန် |
| ၄။ | လာအို✱ |
| ၅။ | မြန်မာ✱ |
| ၆။ | ပါကစ္စတန်✱ |
| ၇။ | ထိုင်း✱ |

| | |
|---|---|
| ၈။ | ဥရုဂွေး |
| ၉။ | ဗီယက်နမ်✱ |
| ၁၀။ | ထိုင်ဝမ် |
| ၁၁။ | အမေရိကန် |
| ၁၂။ | အီတလီ |

ပင်ရင်း။ တရုတ်အကောက်ခွန်

## အကောက်ခွန်ခွဲတမ်းစနစ်(Tariff Rate Quota-TRQ)

၁၀။ ဆန်တင်သွင်းမှုအပေါ် အကောက်ခွန်နှုန်းထားကို WTO သို့အကြောင်းကြားထားသည့် ကတိကဝတ်များအရ ကိုတာအတွင်း တင်သွင်းမှုကို အကောက်ခွန် ၁ ရာခိုင်နှုန်းကောက်ခံပြီး ကိုတာပြင်ပ တင်သွင်းမှုကို ၆၅ ရာခိုင်နှုန်းကောက်ခံပါသည်။ ကိုတာပြင်ပဖြင့် တင်သွင်းမှုအတွက် အာဆီယံ-တရုတ်လွတ်လပ် သောကုန်သွယ်မှုဒေသဆိုင်ရာ အကောက်ခွန်ခံစားနိုင်မည့် ပင်ရင်း နိုင်ငံသက်သေခံလက်မှတ် (Certificate of Origin-CO) ဖြစ်သည့် Form-E ကို အသုံးပြုတင်သွင်း ပါက အကောက်ခွန်နှုန်း ၅၀ ရာခိုင်နှုန်းသာ ပေးဆောင်ရမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် နိုင်ငံ တွင်းသို့ တင်သွင်းမည့်ဆန်များ၏ Harmonized Tariff System Codes များအား ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ(၁) ရက်နေ့မှစတင်၍ ပြောင်းလဲသတ်မှတ်ပါသည်။

## တရုတ်နိုင်ငံ၏ သတ်မှတ်အကောက်ခွန်နှုန်းထားဖြင့် တင်သွင်းခွင့်ပြုသော ကြိတ်ခွဲပြီးဆန်ပမာဏ (၂၀၂၀ ပြည့်နှစ်စာရင်း)

| စဉ် | ဆန်အမျိုး အစား အလိုက် အခွန် နှုန်းထား ဇယား | သတ်မှတ် အကောက်ခွန် နှုန်းထားဖြင့် တင်သွင်းခွင့် ပြုသော ပမာဏ (TRQs) | ပုဂ္ဂလိက လုပ်ငန်းများ တင်သွင်းခွင့် ပမာဏ | နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းများ တင်သွင်းခွင့် ပမာဏ | ကိုတာအတွင်း တင်သွင်းမှု အပေါ်တွင် ကောက်ခံသော နှုန်းထား (t) | ကိုတာပြင်ပ တင်သွင်းမှုများ အပေါ်တွင် ကောက်ခံသော နှုန်းထား (T) |
|---|---|---|---|---|---|---|
| ၁။ | ဆန်လုံးရှည် (အညို၊ ကြိတ်ခွဲပြီး၊ ဆန်ကွဲ) | ၂,၆၆၀,၀၀၀ | ၅၀% | ၅၀% | ၁% | ၆၅% (တရုတ်-အာဆီယံ FTA ၅၀%) |
| ၂။ | ဆန်လုံးတို (အညို၊ ကြိတ်ခွဲပြီး၊ ဆန်ကွဲ) | ၂,၆၆၀,၀၀၀ | ၅၀% | ၅၀% | ၁% | ၆၅% (တရုတ်-အာဆီယံ FTA ၅၀%) |
| | စုစုပေါင်း | ၅,၃၂၀,၀၀၀ | | | | |

## မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ဆန်တင်ပို့နှင့်စပ်လျဉ်း၍ ကုန်သွယ်မှုဆိုင်ရာအခွန်သက်သာခွင့်များ

၁၁။ အာဆီယံ-တရုတ်လွတ်လပ်သောကုန်သွယ်မှုဒေသ(ASEAN-China Free Trade Area - ACFTA) အကောင်အထည်ဖော်ရန်အတွက် Framework Agreement on Comprehensive Economic Cooperation ကို ၂၀၀၂ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ၂၀၀၃ ခုနှစ်မှစ၍ စတင်သက်ရောက်မှုရှိခဲ့ပြီးနောက် ၂၀၀၆ ခုနှစ်၊ ၂၀၁၂ခုနှစ်နှင့် ၂၀၁၅ ခုနှစ် တို့တွင် ထပ်မံပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

၁၂။ မြန်မာနိုင်ငံမှတရုတ်နိုင်ငံသို့ဆန်တင်ပို့မှုနှင့်စပ်လျဉ်း၍ ကုန်သွယ်မှုဆိုင်ရာ အခွန်သက်သာခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ကုန်သွယ်ရေးသဘောတူညီချက် ( **Trade Agreements of China for LDCs** )
- စတင်အသက်ဝင်သည့်ရက် - ၁-၁-၂၀၁၁
- အမျိုးအစား - တစ်ဘက်သတ်အခွန်သက်သာခွင့်
- အကျုံးဝင်သည့်နိုင်ငံ - နိုင်ငံစုံ ၊ နိုင်ငံအုပ်စုအလိုက်
- အဖွဲ့ဝင်နိုင်ငံ - တရုတ်နိုင်ငံ

( ခ) တရုတ်နိုင်ငံ၏ အထူးအခွန်သက်သာခွင့်
- စတင်အသက်ဝင်သည့်ရက် - ၁-၁-၂၀၀၄
- အမျိုးအစား - တစ်ဘက်သတ်အခွန်သက်သာခွင့်
- အကျုံးဝင်သည့်နိုင်ငံ - နိုင်ငံစုံ ၊ နိုင်ငံအုပ်စုအလိုက်
- အဖွဲ့ဝင်နိုင်ငံ - ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ

(ဂ) **ASEAN-China FTA**
- စတင်အသက်ဝင်သည့်ရက် - ၁-၇-၂၀၀၅
- အမျိုးအစား - လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်
- အကျုံးဝင်သည့်နိုင်ငံ - အဖွဲ့ဝင်နိုင်ငံများ ၊ နိုင်ငံအုပ်စုအလိုက်
- အဖွဲ့ဝင်နိုင်ငံ - ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်း၊ ဗီယက်နမ်

၁၃။ မြန်မာနိုင်ငံနှင့်ပတ်သက်၍ တရုတ်နိုင်ငံသို့ဆန်တင်သွင်းမှုအပေါ်တွင် ကောက်ခံသည့် အခွန်နှင့်စပ်လျဉ်း၍ ပုံမှန်အကောက်ခွန်နှုန်းထားမှာအောက်ပါအတိုင်းဖြစ်ပါသည်-

| Reporting Country | Partner Country | Year | Revision | Product Code | Product Description | No Of TariffLines | AVE |
|---|---|---|---|---|---|---|---|
| China | Myanmar | 2021 | HS Rev.2017 | 1006 | Rice | 10 | 0.25576 |

## တရုတ်နိုင်ငံသို့ ဆန်တင်ပို့သူများ သိရှိရန်အချက်များ

### (က) တင်ပို့မည့်ကုန်စည်အဆင့်အတန်းသတ်မှတ်ခြင်း

၁၄။ တရုတ်နိုင်ငံသည် ဆန်အတွက် Food Category ID ကို **06.02.01** ဟုသတ်မှတ်ထားပြီး National Standard ID မှာ GB-T 1354-2018 ဖြစ်ပါသည်။ စားသောက်ကုန် တင်သွင်းမှု မှတ်ပုံတင်ခွင့် လွယ်ကူစေရန်အတွက် တင်သွင်းမည့်ကုန်စည်များ၏ အဆင့်အတန်း Low-risk(GACC-1-1 type ) ၊ Medium-risk(GACC-1-2 type ) နှင့် High-risk (GACC-1-3 type ) ကို အောက်ပါအတိုင်း သတ်မှတ်ထားပြီး ဆန်သည် GACC-1-1 type နှင့် GACC-1-2 type တွင် ပါဝင်ပါသည် -

**အန္တရာယ်ရှိ အဆင့်သတ်မှတ်ချက် (အနည်းဆုံး) ကုန်စည်များ (GACC-1-1 type)**

| | | | |
|---|---|---|---|
| ၁။ | ဟင်းသီးဟင်းရွက်များနှင့် ထုတ်ကုန်များ (လတ်ဆတ်/အခြောက်ခံ ဟင်းသီးဟင်းရွက်များ မပါ) | ၈။ | သကြား (သကြားညို၊ စားပွဲတင်သကြား (Sucrose)၊ လက်တို့စ်, သကြားရည် အပါအဝင်) |
| ၂။ | **ဆန်**၊ ဂျုံ၊ **မုယော**စပါးနှင့် ပြောင်းကဲ့သို့သော **နှံစားသီးနှံများနှင့်** ထုတ်ကုန်များ | ၉။ | ချိုချဉ်၊ ချောကလက် (ချောကလက်အစားထိုး ကိုကိုးထောပတ်နှင့် ထုတ်ကုန်များ) |
| ၃။ | လက်ဖက် | ၁၀။ | ဟင်းချက်အနှစ်မှုန့် (သကြားမပါ) |
| ၄။ | အခွံမာသီးနှင့် အစေ့အဆံထုတ်ကုန်များ | ၁၁။ | လှော်ထားသည့် ကော်ဖီစေ့၊ ကိုကိုးစေ့နှင့် ထုတ်ကုန်များ (ချောကလက် မပါ) |
| ၅။ | အရက် | ၁၂။ | သစ်သီးထုတ်ကုန်များ (အခြောက်ခံသစ်သီးများမပါ) |
| ၆။ | အဖျော်ယမကာများနှင့် အချိုရည်များ | ၁၃။ | တရုတ်ဆေးဖက်ဝင်အပင်များ |
| ၇။ | ဘီစကွတ်၊ ဂျုံဖြင့် ပြုလုပ်သော မုန့်များ၊ ပေါင်မုန့် | ၁၄။ | ထုတ်လုပ်သည့် အခြား အစားအစာများ |

**အန္တရာယ်ရှိ အဆင့်သတ်မှတ်ချက် (အလယ်အလတ်) ကုန်စည်များ (GACC-1-2 type)**

| | | | |
|---|---|---|---|
| ၁။ | ပျားရည်ထုတ်ကုန်များ | ၈။ | ကြိတ်ခွဲသီးနှံထွက်ကုန်များနှင့် မုယောစပါး |
| ၂။ | မွေးမြူရေးဥများနှင့် ထုတ်ကုန်များ | ၉။ | လတ်ဆတ်/အခြောက်ခံ ဟင်းသီးဟင်းရွက်များ နှင့် ပဲမျိုးစုံ |
| ၃။ | အသားချောင်းများ | ၁၀။ | ဟင်းချက်အနှစ်မှုန့် |
| ၄။ | စားသုံးဆီနှင့် အဆီများ | ၁၁။ | အစေ့အဆံများ |
| ၅။ | ဆီထွက်သီးနှံများ | ၁၂။ | အခြောက်ခံသစ်သီးများ |
| ၆။ | ဂျုံဖြင့် မထားသော မုန့်နှင့် ထုတ်ကုန်များ | ၁၃။ | လှော်မထားသည့် ကော်ဖီစေ့နှင့် ကိုကိုးစေ့များ |
| ၇။ | ဆန်၊ ဂျုံ၊ စပါးနှင့် ပြောင်းကဲ့သို့သော **စားသုံးသီးနှံများ** | | |

http://www.transcustoms.com/GACC/

**(ခ) GACC ၏ ကြေငြာချက်အမှတ် (၂၄၈) နှင့် (၂၄၉)**

၁၅။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်များ တင်ပို့မည့် လုပ်ငန်းရှင်များအနေဖြင့် တရုတ်နိုင်ငံတွင် မှတ်ပုံတင်ရန် လိုအပ်သည့်လုပ်ငန်းစဉ်များအား အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China - GACC) ၏ ကြေညာချက်အမှတ်(၂၄၈) နှင့် (၂၄၉)တို့ဖြင့် ၂၀၂၁ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန်တင်ပို့မည့် / တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် **GACC** တွင် မှတ်ပုံတင်ပြီးမှသာလျှင် တင်ပို့ခွင့်ရရှိမည်ဖြစ်ပါသည်။ မှတ်ပုံတင်သက်တမ်းကာလမှာ ၅ နှစ်ဖြစ်ပြီး သက်တမ်းမကုန်မီ ၃ လ - ၆ လ ကြိုတင်၍ သက်တမ်းတိုးရမည်။ ကုန်စည်များကို သက်ဆိုင်ရာ အခွင့်အာဏာရှိသူ၏ ထောက်ခံချက်ဖြင့် မှတ်ပုံတင်ရမည်ဖြစ်ပါသည်။

၁၆။ ကြေညာချက်အမှတ် (၂၄၉) မှာ စားသောက်ကုန်တင်သွင်းရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တရုတ်နိုင်ငံမှထုတ်ပြန်ထားသော စံချိန်စံညွှန်းများနှင့်ကိုက်ညီပြီး ထုပ်ပိုးမှု၊ တံဆိပ်နှင့် တံဆိပ်အမှတ်အသားများ လည်း ပြဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်ပါသည်။

**(ဂ) သဘော်ာမတင်မီစိစစ်ရန်အချက်များ**

၁၇။ တရုတ်နိုင်ငံသို့ စားသောက်ကုန်တင်ပို့ရာတွင် သဘော်ာမတင်မီစိစစ်ရန်အချက်များအား အောက်ပါအတိုင်းဖြစ်ပါသည် -

| မေးခွန်းများ | တရုတ်နိုင်ငံ၏ စည်းမျဥ်းများဆိုင်ရာ အခက်အခဲများ | နည်းလမ်းများ |
|---|---|---|
| တင်ပို့မည့် အစားအသောက်အမျိုးအစားကို မူရင်းနိုင်ငံမှ တရုတ်နိုင်ငံသို့တင်သွင်းခွင့်ရှိပါသလား။ | အန္တရာယ်ရှိ အဆင့်သတ်မှတ်ချက်မြင့်မားသော အချို့စားသောက်ကုန် အမျိုးအစားများကို တရုတ်နိုင်ငံသို့ တင်သွင်းခွင့်မပြုမီ သက်ဆိုင်ရာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံအကြား သဘောတူစာချုပ် ကြိုတင်လက်မှတ်ရေးထိုးထားရန် လိုအပ်သည်။ (စိုက်ပျိုးရေးထွက်ကုန်၊ အသား၊ နို့ထွက်ပစ္စည်း၊ ရေထွက်စ္စည်း၊ အစားအစာစသည်ဖြင့်။) | |
| တရုတ်နိုင်ငံသို့တင်ပို့မည့် ကုမ္ပဏီသည် GACC မှတ်ပုံတင်အမှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ရှိပါသလား။ | တရုတ်နိုင်ငံသို့ မတင်ပို့မီ GACC ၌ မှတ်ပုံတင်လျှောက်ထားရန် လိုအပ်ပြီး အကောက်ခွန်ရှင်းလင်းရေးဆောင်ရွက်ရာတွင် စာရွက်စာတမ်းအားလုံးတွင် GACC မှတ်ပုံတင်အမှတ် ဖြည့်ပေးရန် လိုအပ်ပါသည်။ | |

| | | |
|---|---|---|
| ကုမ္ပဏီသည် တရုတ်နိုင်ငံသို့ တင်ပို့ရန်အတွက် သက်ဆိုင်ရာ အာဏာပိုင်မှ ထောက်ခံချက်ပေး ထားသည့် စာရင်းတွင် ပါဝင်ပါသလား။ | အသားထုတ်ကုန်၊ ရေထွက်ကုန်၊ နို့ထွက်ပစ္စည်း၊ အစာသွတ်ရန် အပေါ်ခွံများ၊ ငှက်သိုက်ထုတ်ကုန်များ၊ ပျားထုတ်ကုန်၊ ဥထုတ်ကုန်၊ စားသုံးဆီနှင့်အဆီများ၊ ဆီထွက်သီးနှံ များ၊ ကောက်ပဲသီးနှံ၊ ကြိတ်ခွဲထုတ်လုပ်ထားသည့် ကောက်ပဲသီးနှံထုတ်ကုန်များနှင့် မုယောများ၊ လတ်ဆတ်နှင့် အခြောက်ခံ ဟင်းသီးဟင်းရွက်နှင့် ပဲမျိုးစုံ များ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ အစေ့အဆံများ၊ သစ်သီးခြောက်များ၊ ကော်ဖီစေ့နှင့်ကိုကာ၊ အထူးထုတ်စား သောက်ကုန်များ၊ ကျန်းမာရေးအစာများ စသည့် စားသောက်ကုန်များ ထုတ်လုပ်တင်ပို့သည့် ပြည်ပလုပ်ငန်းရှင်များသည် GACC တွင် မှတ်ပုံတင်ရန် သက်ဆိုင်ရာနိုင်ငံရှိ အာဏာပိုင်အဖွဲ့အစည်းမှ ထောက်ခံချက်ပေးရမည်။ | |
| တရုတ်သို့တင်ပို့မည့် ထုတ်ကုန်များ တွင် တရုတ်ဘာသာ အမှတ်တံဆိပ်ရှိပါသလား။ | အဓိကစိုက်ပျိုးရေးထွက်ကုန်အချို့မှလွဲ၍ တင်သွင်းသော အစားအစာများတွင် တရုတ်ဘာသာအမှတ်တံဆိပ် ပါရှိရန် လိုပါမည်။ စားသောက်ကုန်တစ်ခုစီတွင် တရုတ်ဘာသာ အမှတ်တံဆိပ်သတ်မှတ်ချက်အတိုင်း ပါဝင်သည့်အမျိုးအစားများ၊ ပါဝင်သည့်ပုံစံနှင့် အမှတ်တံဆိပ်တပ်ဆင်သည့် နည်းလမ်း စသည်တို့ပါရှိရမည်။ တရုတ်ဘာသာအမှတ် တံဆိပ်နမူနာကို CIQ မှ စစ်ဆေးရန်အတွက် တရုတ်နိုင်ငံ အကောက်ခွန်ရှင်းလင်းရေးမပြုလုပ်မီ ပေးပို့တင်ပြရမည်။ | |
| ထုတ်ကုန်တွင်ပါဝင်သောပစ္စည်းဖော်မြူလာများသည် တရုတ်နိုင်ငံ၏လိုအပ်ချက်နှင့်ကိုက်ညီပါသလား။ | တရုတ်နိုင်ငံသို့ တင်သွင်းမည့်စားသောက်ကုန်များ၏ ပါဝင်ပစ္စည်းဖော်မြူလာများသည် တရုတ်နိုင်ငံ၏ စားသောက်ကုန် ဘေးအန္တရာယ်ကင်းရှင်းရေးစည်းမျဉ်းများနှင့် စပ်လျဉ်းသည့် လိုအပ်ချက်များနှင့် ညီညွတ်ရမည်။ တားမြစ်ထားသော အညွှန်းများအတိုင်းမဖြစ်ရ။ ဖြည့်စွက်အစာတွင် ပါဝင်သည့်ပစ္စည်းများ သည် ခွင့်ပြုချက်နှုန်းထားအတွင်းဖြစ်ရမည်။ အကောက်ခွန်ရှင်းလင်းရေး မပြုလုပ်မီ CIQ မှ သုံးသပ်ရန်အတွက် ပါဝင်ပစ္စည်း ဖော်မြူလာအညွှန်းများဆိုင်ရာအစီရင်ခံစာကို တင်ပြရမည်။ | |
| ထုတ်ကုန် အရည်အသွေးသည် တရုတ်နိုင်ငံ၏ လိုအပ်ချက် | တရုတ်နိုင်ငံသို့ တင်သွင်းမည့်စားသောက်ကုန်များ၏ အရည်အသွေးသည် တရုတ်နိုင်ငံ၏ စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်းရေးစည်းမျဉ်းများနှင့် တရုတ်နိုင်ငံအမျိုးသားအဆင့် GB စံချိန်စံညွှန်းနှင့်စပ်လျဉ်းသည့်လိုအပ်ချက်များနှင့် ကိုက်ညီ ရမည်။ | |

| | | |
|---|---|---|
| နှင့်ကိုက်ညီပါသလား။ | CIQ သည်စားသောက်ကုန်အရည်အသွေးကို နမူနာယူ စစ်ဆေးမည်ဖြစ်သည်။ (အဓိကအားဖြင့် ရုပ်ဝတ္ထုနှင့် ဓါတ် သတ္တုအတိုင်းအတာများ၊ သတ္တုဓါတ်၊ အနုဇီဝများ၊ တားမြစ် ထားသည့်ပါဝင်မှုအညွှန်းများ စသည် အချက်များကို စမ်းသပ်စစ်ဆေးမည်။) | |
| တရုတ်နိုင်ငံသို့ မတင်သွင်းမီ ဈေးကွက်မဝင်ရောက်မီ အတည်ပြုချက် (pre-market approval)လိုအပ်ပါသလား။ | အချို့အထူးစားသောက်ကုန်များအတွက် တရုတ်နိုင်ငံသို့ မတင်ပို့မီ တရုတ်နိုင်ငံ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများသို့ ဈေးကွက်မဝင်ရောက်မီအတည်ပြုချက်(pre-market approval) ရယူခြင်း၊ လိုင်စင်လျှောက်ထားခြင်း သို့မဟုတ် လက်မှတ်ရယူခြင်းများအတွက် ကြိုတင်လျှောက်ထားရန် လိုအပ်ပါသည်။ | |
| တရုတ်နိုင်ငံတွင် ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်ထားပါသလား။ | ယေဘူယျအားဖြင့် တရုတ်အကောက်ခွန်ဌာနသည် ကုန်အမှတ်တံဆိပ်ကို စစ်ဆေးခြင်းမပြုသော်လည်း တရုတ်နိုင်ငံတွင် မှတ်ပုံတင်ထားပြီး မူပိုင်ခွင့်ကာကွယ်မှုလျှောက် ထားသည့် ကုန်အမှတ်တံဆိပ်ဖြစ်ပါက အကောက်ခွန်ရှင်းလင်းရေး မဆောင်ရွက်ပါ။ | |

**မြန်မာနိုင်ငံမှ ဆန်ကို တရုတ်သို့နိုင်ငံတင်ပို့ရန် စစ်ဆေးခြင်းနှင့်ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ်**

၁၈။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကုန်သွယ်ဖက်နိုင်ငံများမှ ထုတ်လုပ်ထွက်ရှိသည့် လယ်ယာထွက်ကုန်ပစ္စည်းများတင်သွင်းနိုင်ရေးအတွက် အပင်ပိုးမွှားနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာသဘောတူစာချုပ် (Phytosanitary Protocols)များအား နှစ်နိုင်ငံအကြား ချုပ်ဆိုဆောင်ရွက်လျက်ရှိပါသည်။

**တရုတ်နိုင်ငံနှင့်နှစ်နိုင်ငံအကြား ကုန်စည်အမယ်အလိုက် အပင်ပိုးမွှားနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစာချုပ်(Bilateral Phytosnaitary Protocols) ချုပ်ဆိုထားသည့်နိုင်ငံများစာရင်း**

| ကုန်စည်အမျိုးအမည် | စာချုပ်ချုပ်ဆိုထားသောနိုင်ငံများ |
|---|---|
| ဂျုံ | သြစတြေးလျ၊ ကနေဒါ၊ ပြင်သစ်(Rhone-Alps ဒေသမပါ)၊ ဟန်ဂေရီ၊ ကာဇက်စတန်၊ မွန်ဂိုလီးယား၊ ရုရှား(ခရိုင်အားလုံး)၊ ယူကေ၊ အမေရိကန်၊ ဆာဗီးယား |

| | |
|---|---|
| ပြောင်းဖူးစေ့ | ထိုင်း၊ အမေရိကန်၊ ပီရူး၊ လာအို၊ အာဂျင်တီးနား၊ ရုရှား၊ ယူကရိန်း၊ ဘူလ်ဂေးရီးယား၊ ဘရာဇီးလ်၊ ကမ္ဘောဒီးယား၊ တောင်အာဖရိက၊ ဟန်ဂေရီ၊ ကဇက်စတန်၊ ဥရုဂွေး |
| ဘာလီ | အာဂျင်တီးနား၊ ဩစတြေးလျ၊ ကနေဒါ၊ ဒိန်းမတ်၊ ပြင်သစ်၊ ဖင်လန်၊ မွန်ဂိုလီးယား၊ ကာဇက်စတန်၊ ရုရှား၊ ယူကေ၊ ယူကရိန်း၊ ဥရုဂွေး |
| နံ့စားပြောင်း | အာဂျင်တီးနား၊ အမေရိကန်၊ ဩစတြေးလျ၊ မြန်မာ နှင့် နိုင်ဂျီရီးယား |
| စပါး | ရုရှား |
| ဆန် | ကမ္ဘောဒီးယား၊ အိန္ဒိယ( ဘာစမာတီနှင့် ဘာစမာတီမဟုတ်သော ဆန်များ)၊ ဂျပန်၊ လာအို၊ မြန်မာ၊ ပါကစ္စတန်၊ ထိုင်း၊ ဥရုဂွေး၊ ဗီယက်နမ်၊ ထိုင်ဝမ်၊ အမေရိကန်၊ |

Source: China Custroms

၁၉။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရေးနှင့်ပတ်သက်သည့် စစ်ဆေးခြင်းနှင့်ပိုးမွှားကင်းစင်ရေးဆိုင်ရာသဘောတူစာချုပ်(Protocol on Plant Inspection and Quarantine Requirement for Exporting Rice from Myanmar to China) အား မြန်မာနိုင်ငံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန နှင့် တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)တို့အကြား ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့၌ လက်မှတ်ရေးထိုးထားပါသည်။ အဆိုပါစာချုပ်တွင် ဆန်အပြင် ဆန်ကွဲကိုပါ ထည့်သွင်းနိုင်ရန် ပြင်ဆင်သည့် သဘောတူစာချုပ်အား ၂၀၂၀ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ သဘောတူစာချုပ်အရ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မည့် လုပ်ငန်းရှင်များအနေဖြင့် တရုတ်နိုင်ငံ GACC တွင် မှတ်ပုံတင်ရန် လိုအပ်ပြီး မြန်မာကုမ္ပဏီ(၄၃)ခု မှတ်ပုံတင်ပေးခဲ့ပြီးဖြစ်ပါသည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အစားအသောက်တင်ပို့သည့် လုပ်ငန်းများ မှတ်ပုံတင်ခြင်း**

သက်ဆိုင်ရာဌာနထောက်ခံချက်

၂၀။ ဆန်သည် GACC တွင် မှတ်ပုံတင်ရန်လိုအပ်သည့် ကုန်စည်အမျိုးအစား(၁၈)ခုတွင် ပါဝင်ပြီး မြန်မာနိုင်ငံမှ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့(Competent Authority) စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် GACC တွင် မှတ်ပုံတင်ရမည့် ကုန်စည်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- စားသုံးနိုင်သော အစေ့အဆံများ Edible grains (ဆန်-Polished rice ၊ ဆန်ကွဲ-Broken rice) ၊
- ကြိတ်ခွဲသီးနှံ ထွက်ကုန်များနှင့် မုယောစပါး (Grain milling industrial products and malt)

၂၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင်တင်သွင်းနိုင်ရန်အတွက် GACC မှ မှတ်ပုံတင်ပေးပြီးဖြစ်သည့် လုပ်ငန်းများစာရင်းအား တရုတ်နိုင်ငံ၏ ပြတင်းတစ်ပေါက်အစီအစဉ် https://ciferquery. singlewindow.cn/ ၌ ဖော်ပြထားသည်။

၂၂။ GACC မှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် နေ့တွင် ကိုဗစ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့သည့် ကြေညာချက်အမှတ် ၁၃၁ အရ တရုတ်နိုင်ငံသို့ တင်သွင်းသည့် အအေးခဲအစားအစာများ (Cold- chain Food) နှင့် အအေးခဲမဟုတ်သော အစားအစာများ (Non Cold- chain Food) အား နယ်စပ်ဂိတ်များတွင် ကိုဗစ်-၁၉ ရောဂါပိုး Nucleic Acid Test စစ်ဆေးသည့် စနစ်အား ဖျက်သိမ်းခဲ့ပါသည်။

၂၃။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စိုက်ပျိုးရေးစားသောက်ကုန်များ( စားသုံးနိုင်သည့် အစေ့အဆံများ(Edible grain)) တင်သွင်းသည့် ကုမ္ပဏီများမှတ်ပုံတင်ခြင်းအား GACC အောက်ရှိ တိရစ္ဆာန်နှင့် အပင်များသီးသန့်ခွဲထားသည့်ဌာန( Department of Animal and Plant Quarantine ) မှ တာဝန်ယူဆောင်ရွက်ပါသည်။

၂၄။ ထုတ်လုပ်သူကုမ္ပဏီများ၏ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်များနှင့် လျှောက်ထားသည့်ပစ္စည်းများ (Application Materials) ကို အောက်ပါအတိုင်း ချိတ်ဆက်ပေးပို့ရမည်ဖြစ်ပါသည် -

- တင်ပို့သည့်နိုင်ငံများမှ Competent Department ၏အရာရှိများသည် တရုတ်နိုင်ငံရှိ တိရစ္ဆာန်နှင့် အပင်များသီးသန့်ခွဲထားသည့်ဌာန (Department of Animal and Plant Quarantine)သို့ စာ သို့မဟုတ် အီးမေးလ်( dapq@customs.gov.cn )ဖြင့် ပေးပို့နိုင်ခြင်း၊
- တရုတ်နိုင်ငံရှိ မြန်မာသံရုံးမှတစ်ဆင့် သို့မဟုတ် ရန်ကုန်မြို့ရှိ တရုတ်သံရုံးမှ တစ်ဆင့် ပေးပို့နိုင်ခြင်း၊

၂၅။ ယခင် တရုတ်နိုင်ငံ သွင်းကုန်အစားအစာလုပ်ငန်းမှတ်ပုံတင်စနစ် (China Import Food Enterprise Registration System-CIFER)မှတစ်ဆင့် မှတ်ပုံတင်ခွင့်ပြုထားသောထုတ်လုပ်သူ လုပ်ငန်းကုမ္ပဏီများအနေဖြင့် ခွင့်ပြုချက် ဆက်လက်ရရှိထားပြီး ကုမ္ပဏီများ၏ အချက်အလက်များကို တရုတ်နိုင်ငံ၊ GACC ၊ Department of Animal and Plant Quarantine ၏ Website ဖြစ်သည့် http://dzs. customs.gov.cn/ တွင် ကြည့်ရှုနိုင်သည်။

၂၆။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ချုပ်ဆိုခဲ့သော မြန်မာနိုင်ငံမှ ဆန်ကို တရုတ်နိုင်ငံသို့ တင်ပို့ရန် စစ်ဆေးခြင်း နှင့် ပိုးမွှားကင်းစင်ရေးသဘောတူစာချုပ်အရ မြန်မာနိုင်ငံမှ ဆန်တင်ပို့မည့် ကုမ္ပဏီ(၄၃)ခု စာရင်းကို GACC တွင် မှတ်ပုံတင်ထားပါသည်။ ကုမ္ပဏီ (၄၃) ခုသည် သဘောတူစာချုပ်ပါအတိုင်း ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ တင်ပို့နိုင်ရေး မြန်မာနိုင်ငံ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တင်ပို့ရန်အတွက် လိုအပ်သောအထောက်အထားများ

၂၇။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန် တင်ပို့ရန်အတွက် လိုအပ်သောအထောက်အထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| သွင်းကုန်အတွက် လိုအပ်သောအထောက်အထားများ | တိုင်းတာမှု |
|---|---|
| A120 - ဒေသဆိုင်ရာ တရားဝင် ကန့်သတ်ချက်များ<br>Geographical restrictions on eligibility | 1 |
| A140 - သွင်းကုန်အတွက် SPS(လူ၊တိရိစ္ဆာန်၊ အပင်နှင့် အစားအစာ ပိုးမွှားရောဂါကင်းစင်ခြင်း) ဆိုင်ရာ အခွင့်အာဏာရှိသူ၏ခွင့်ပြုချက်<br>Authorization requirement for SPS reasons for importing certain products | 5 |
| A150 - တင်သွင်းသူအတွက် SPS ဆိုင်ရာ အခွင့်အာဏာရှိသူ၏ခွင့်ပြုချက်<br>Authorization requirement for importers for SPS reasons | 1 |
| A190 - သွင်းကုန်အတွက် SPS ဆိုင်ရာ တားမြစ်ချက်များ/ကန့်သတ်ချက်များ (အခြားနေရာများတွင် မသတ်မှတ်ထားသော)<br>Prohibitions/restrictions of imports for SPS reasons, not elsewhere specified (n.e.s.) | 2 |
| A210 - အချို့သောအရာများ(အနုဇီဝမဟုတ်သော) အတွက် ဓါတ်ကြွင်းများ သို့မဟုတ် အန္တရာယ်ဖြစ်စေသည့် အဆိပ်အတောက်ပါဝင်မှု ကန့်သတ်ချက်များ Tolerance limits for residues of or contamination by certain (non-microbiological) substances | 2 |
| A310 - တံဆိပ်တပ်ဆင်မှုလိုအပ်ချက်များ Labelling requirements | 6 |
| A330 - ထုပ်ပိုးမှုလိုအပ်ချက်များ Packaging requirements | 4 |
| A410 - အပြီးသတ်ထုတ်ကုန်၏ အနုဇီဝသတ်မှတ်ချက်<br>Microbiological criteria of the final product | 1 |
| A490 - ကျန်းမာရေးသန့်ရှင်းမှု လိုအပ်ချက်များ(အခြားနေရာများတွင် မသတ်မှတ်ထားသော) Hygienic requirements, n.e.s. | 1 |
| A590 - အပြီးသတ်ထုတ်ကုန်(အခြားနေရာများတွင် မသတ်မှတ်ထားသော)တွင် အပင်နှင့် တိရိစ္ဆာန်ပိုးမွှားများ သို့မဟုတ် ရောဂါဖြစ်စေသော သက်ရှိများ ရှင်းလင်းကုသသည့် နည်းလမ်းများ သို့မဟုတ် ကုသသည့်နည်းလမ်းများတားမြစ်ခြင်း Treatments to eliminate plants and animal pests or disease-causing organisms in the final product n.e.s. or prohibition of treatment | 1 |
| A630 - စားသောက်ကုန်နှင့် တိရိစ္ဆာန်အစားအစာပြုပြင်ထုတ်လုပ်ခြင်း<br>Food and feed processing | 3 |
| A640 - သိုလှောင်မှုနှင့် သယ်ယူပို့ဆောင်မှုအခြေအနေ Storage and transport conditions | 5 |
| A820 - လိုအပ်သည့်စမ်းသပ်မှု Testing requirement | 3 |
| A830 - လိုအပ်သည့်လက်မှတ်များ Certification requirement | 3 |
| A840 - စစ်ဆေးမှုလိုအပ်ချက် Inspection requirement | 7 |

| | |
|---|---|
| A851 - ပစ္စည်းများနှင့် အစိတ်အပိုင်းများ၏ မူလပေါင်းရင်း Origin of materials and parts | 1 |
| A852 - ကုန်ထုတ်လုပ်မှုသမိုင်း Processing history | 1 |
| A860 - ရောဂါပိုးမွှားကင်းရှင်းရေးထိန်းချုပ်ခြင်းဆိုင်ရာလိုအပ်မှု<br>Quarantine requirement | 6 |
| A890 - SPS ဆိုင်ရာစည်းမျဉ်းနှင့်အညီ လိုက်နာဆောင်ရွက်မှု, (အခြားနေရာ များတွင် မသတ်မှတ်ထားသော)Conformity assessment related to SPS, n.e.s. | 2 |
| B210 - ဓါတ်ကြွင်းများ သို့မဟုတ် အန္တရာယ်ဖြစ်စေသည့် အဆိပ်အတောက်ပါဝင်မှု ကန့်သတ်ချက်များ<br>Tolerance limits for residues of or contamination by certain substances | 2 |
| B220 - အသုံးပြုမှုကန့်သတ်ထားသည့်ပစ္စည်းများ Restricted use of certain substances | 1 |
| B310 - တံဆိပ်တပ်ဆင်မှုလိုအပ်ချက်များ Labelling requirements | 10 |
| B320 - အမှတ်အသား ပြုလုပ်မှု လိုအပ်ချက်များ Marking requirements | 1 |
| B330 - ထုပ်ပိုးမှုလိုအပ်ချက်များ Packaging requirements | 1 |
| B420 - သယ်ယူပို့ဆောင်မှုနှင့်သိုလှောင်မှုတို့တွင် ကုန်သွယ်မှုနှင့်စပ်လျဉ်းသည့် နည်းပညာအတားအဆီးများဆိုင်ရာ စည်းမျဉ်းများ<br>TBT regulations on transport and storage | 1 |
| B490 - ထုတ်လုပ်မှုပိုင်း သို့မဟုတ် ထုတ်လုပ်ပြီးနောက်ပိုင်းလိုအပ်ချက်များ, (အခြားနေရာ များတွင် မသတ်မှတ်ထားသော)<br>Production or post-production requirements, n.e.s. | 1 |
| B600 - ထုတ်ကုန်အထောက်အထားလိုအပ်ချက် Product identity requirement | 1 |
| B820 - လိုအပ်သည့်စမ်းသပ်မှု Testing requirement | 2 |
| B830 - လိုအပ်သည့်လက်မှတ်များCertification requirement | 7 |
| B840 - စစ်ဆေးမှုလိုအပ်ချက် Inspection requirement | 6 |
| B851 - ပစ္စည်းများနှင့် အစိတ်အပိုင်းများ၏ မူလပေါင်းရင်း Origin of materials and parts | 1 |
| B853 - သယ်ယူပြီးနောက် ထုတ်ကုန်များ၏ တည်နေရာနှင့် ဖြန့်ဖြူးမှု<br>Distribution and location of products after delivery | 1 |
| B890 - ကုန်သွယ်မှုနှင့်စပ်လျဉ်းသည့် နည်းပညာအတားအဆီးများနှင့်အညီ လိုက်ပါဆောင်ရွက်မှု<br>Conformity assessment related to TBT, n.e.s. | 4 |
| C300 - သတ်မှတ်ထားသည့် အကောက်ခွန်နေရာမှဖြတ်သန်းမှု<br>Requirement to pass through specified port of customs | 1 |
| E100 - SPS နှင့် TBT တွင်အကျုံးဝင်သည့်ခွင့်ပြုချက်များမှလွဲ၍ သွင်းကုန်လိုင်စင် လုပ်ထုံးလုပ်နည်းများ<br>Non-automatic import-licensing procedures other than authorizations covered under SPS and TBT chapters | 4 |
| E611 - ကမ္ဘာ့ခွဲဝေရရှိမှုပမာဏ Global allocation | 1 |
| E621 - ကမ္ဘာ့ခွဲဝေရရှိမှုပမာဏ Global allocation | 1 |

| | |
|---|---|
| H190 - အခြားရွေးချယ်ထားသည့် တင်သွင်းမှုလမ်းကြောင်းများ, (အခြားနေရာများ တွင် မသတ်မှတ်ထားသော)<br>Other selective import channels, n.e.s. | 1 |

**မှတ်ပုံတင်ရန်လိုအပ်သည့်အချက်အလက်များ**

၂၈။ GACC တွင် မှတ်ပုံတင်ရန်အတွက် တရုတ်နိုင်ငံ၏ HS Code နှင့် CIQ Code တို့ ပါဝင်ရမည် ဖြစ်ပြီး လိုအပ်သည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- GACC registration application form
- Business License for company
- Production License for facility
- Certificate of production management system
- Recommendation letter from competent authority of country of origin (required for GACC-1-2, GACC-1-3 types)
- Enterprise Information Form
- Enterprise Commitment Statement
- Processing flow chart
- List of foods to be exported to China
- List of Major raw materials & affiliated company
- Product photos
- Ingredient Formula
- Chinese label

## GACC ၏ မှတ်ပုံတင်လုပ်ငန်းစဉ်ဇယား




## မှတ်ပုံတင်အမှတ်နှင့် အမှတ်တံဆိပ်

၂၉။ တရုတ်နိုင်ငံ၏ စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေ( Food Safety Law) အရ တရုတ်နိုင်ငံသို့ တင်သွင်းသည့် စားသောက်ကုန်စည်များတွင် တရုတ်ဘာသာ အမှတ်တံဆိပ် ဖြင့်ဖော်ပြရမည်ဖြစ်ပြီး အကောက်ခွန်ရှင်းလင်းရေးအတွက် တရုတ်နိုင်ငံ CIQ မှ အဆိုပါ အမှတ်တံဆိပ်ကို စစ်ဆေးပါသည်။

၃၀။ တရုတ်နိုင်ငံ၏ စားသောက်ကုန်အမှတ်တံဆိပ်ဆိုင်ရာ စည်းမျဉ်းများတွင် အောက်ပါတို့ ပါဝင်ပါသည် -

- ပို့ကုန်သွင်းကုန်များ ကြိုတင်ထုပ်ပိုးခြင်းဆိုင်ရာ စားသောက်ကုန်အမှတ်တံဆိပ်စစ်ဆေးရေး ကြီးကြပ်ကွပ်ကဲမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းများ
- အစားအစာအာဟာရတံဆိပ်စီမံခန့်ခွဲမှုစံနှုန်းများ
- စားသောက်ကုန်အမှတ်တံဆိပ်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲမှုနှင့် စီမံဆောင်ရွက်မှုများ




**Chinese Labeling Basic Elements of Imported Food**

၃၁။ ၂၀၂၂ ခုနှစ်မှစ၍ တရုတ်နိုင်ငံ GACC မှတ်ပုံတင်နံပါတ်ကို ဂဏန်း ၁၄ လုံးနှင့်အက္ခရာ ၄ ခုတို့ဖြင့် ၁၈ ခု သတ်မှတ်ပြီး အဆိုပါနံပါတ်အား တရုတ်ဘာသာဖြင့် ကုန်စည်အမှတ်တံဆိပ်ပေါ်တွင် ပုံနှိပ်ဖော်ပြ ရမည်ဖြစ်သည်။ အကောက်ခွန်ရှင်းလင်းရေးအတွက် တရုတ်နိုင်ငံ CIQ မှ အဆိုပါ အမှတ်တံဆိပ်ကို စစ်ဆေးပါသည်။

နိုင်ငံခြားမှထုတ်လုပ်သူများအတွက် ၂၀၂၂ ခုနှစ်မှစ၍ တရုတ်နိုင်ငံ GACC ၏ မှတ်ပုံတင်နံပါတ် အသစ်ပုံစံ




**တရုတ်နိုင်ငံ စစ်ဆေးရေးနှင့် ရောဂါပိုးမွှားကင်းရှင်းရေးထိန်းချုပ်ခြင်းဆိုင်ရာအဖွဲ့ (China Inspection and Quarantine-CIQ) မှ စစ်ဆေးမည့်အချက်များ**

၃၂။ တရုတ်နိုင်ငံသို့ တင်သွင်းသောစားသောက်ကုန်များကို တရုတ်နိုင်ငံအကောက်ခွန်ရှင်းလင်းရေးမပြုလုပ်မီ စစ်ဆေးရေးနှင့် ရောဂါပိုးမွှားကင်းရှင်းရေးထိန်းချုပ်ခြင်းဆိုင်ရာအဖွဲ့ (China Inspection and Quarantine-CIQ) မှ စစ်ဆေးမှုပြုလုပ်ပါသည်။ တရုတ်နိုင်ငံသို့ ဆန်အပါအဝင် စားသောက်ကုန်မတင်ပို့မီ လုပ်ငန်းရှင်မှ Commercial Invoice, Packing List နှင့် Sales Contract စသည့်စာရွက်စာတမ်းများကို ပြင်ဆင်ရန်လိုအပ်ပြီး တရုတ်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီသည့် အတည်ပြုချက် (Approval Document)၊ ကျန်းမာရေးလက်မှတ် (Health Certificate)၊ အရည်အသွေးစစ်ဆေးချက်လက်မှတ်( Quality Inspection Certification)၊ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်( Country of Origin Certificate )များ တင်ပြရမည်ဖြစ်ပြီး ပိုးသတ်ဆေး၊ ပိုးသတ်မှိုင်းတိုက်နှင့် ဖြည့်စွက်ပစ္စည်းပါဝင်မှုနှင့်စပ်လျဉ်းသည့် လက်မှတ်များကိုလည်းတင်ပြရမည်ဖြစ်သည်။

## တရုတ်နိုင်ငံ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်

၃၃။ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်

| အဆင့် | တရုတ်အကောက်ခွန်ရှင်းလင်းရေးအဆင့်ဆင့် | အနှစ်ချုပ် |
|---|---|---|
| ၁ | တရုတ်အကောက်ခွန်ကြေငြာချက်စာရွက်စာတမ်းပြင်ဆင်ခြင်း | တရုတ်နိုင်ငံမှ ဝယ်ယူသူ/ တင်သွင်းသူသည် တရုတ်နိုင်ငံ၏ အကောက်ခွန်ကြေညာချက်လိုင်စင်ရှိပါက ဝယ်ယူသူ/တင်သွင်းသူက အကောက်ခွန်ရှင်းလင်းရေးကို တိုက်ရိုက်ဆောင်ရွက်နိုင်ပြီး အကောက်ခွန်ကြေညာချက်လိုင်စင် မရှိလျှင် အကောက်ခွန်ရှင်းလင်းရေးအတွက် တရုတ်အကောက်ခွန်အေးဂျင့်(ကိုယ်စားလှယ်)ကို အပ်နှံရန်လိုပါသည်။ |
| ၂ | အွန်လိုင်းမှ အကောက်ခွန်ကြေငြာချက်ကြိုတင်လျှောက်ထားခြင်း | တရုတ်တင်သွင်းသူများနှင့် ပြည်ပတင်ပို့သူများအားလုံးသည် တရုတ်အကောက်ခွန်စနစ်အရ မှတ်ပုံတင်ရန် လိုအပ်ပြီး အကောက်ခွန်မှတ်ပုံတင်အမှတ် ID ကိုရရှိပြီးပါက အွန်လိုင်းမှ e-Port system တွင် ဝင်ရောက်၍ အကောက်ခွန်ကြေညာချက်ကို လျှောက်ထားနိုင်သည်။ |
| ၃ | တရုတ်ဆိပ်ကမ်းသို့ သင်္ဘောတင်ခြင်း(အကောက်ခွန်ကြီးကြပ်ရေးသိုလှောင်ရုံ) | အကောက်ခွန်မှ ပစ္စည်းမထုတ်မီ ပစ္စည်းများကို အကောက်ခွန်ကြီးကြပ်ရေးသိုလှောင်ရုံတွင် ထားရှိရန် လိုအပ်ပါသည်။ အဆိုပါ သိုလှောင်စရိတ်သည် သာမာန်သိုလှောင်ရုံခထက် ဈေးပိုကြီးသဖြင့် တတ်နိုင်သမျှအကောက်ခွန်ရှင်းလင်းရေးကို အမြန်ဆောင်ရွက်ရန် လိုအပ်ပါသည်။ |
| ၄ | တရုတ်အကောက်ခွန်ရှင်းလင်းရေးစာရွက်စာတမ်းများတင်ပြခြင်းနှင့်သုံးသပ်ခြင်း | ကုန်စည်အားလုံးသည် အကောက်ခွန်ကြေငြာချက်အတွက် လိုအပ်သည့် စာရွက်စာတမ်းများမတူညီကြပါ။ လိုအပ်ချက်နှင့်မကိုက်ညီခြင်း သို့မဟုတ် ပြည့်စုံမှုမရှိလျှင် ငြင်းပယ်ခံရမည်ဖြစ်သည်။ |
| ၅ | တင်သွင်းကုန်စည်ကို CIQ မှ စစ်ဆေးခြင်း | တရုတ်နိုင်ငံ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးစံချိန်စံညွှန်းများ( တရုတ်ဘာသာအမှတ်တံဆိပ်အပါ အဝင်)နှင့်ကိုက်ညီရန် CIQ မှ နမူနာယူ၍ စမ်းသပ်စစ်ဆေးမည်ဖြစ်ပါသည်။ စစ်ဆေးမှုမအောင်မြင်ပါက ပစ္စည်းထုတ်ယူခွင့်မရရှိနိုင်ပါ။ |

| | | |
|---|---|---|
| ၆ | တရုတ်တင်သွင်းခွန်နှင့် အကောက်ခွန်ရှင်းလင်းရေးအတွက်ကုန်ကျစရိတ် | တင်သွင်းမှုအတွက်သွင်းကုန်အခွန်(Import Tariff)တွင် အကောက်ခွန်၊ ထပ်တိုးခွန်(Value Added Tax) နှင့် စားသုံးမှုအခွန်(Comsumption Tax) စသည်တို့ပါဝင်ပါသည်။ အကောက်ခွန်ရှင်းလင်းရေးအတွက်ကုန်ကျစရိတ်များမှာ အမှုတွဲကိုင်တွယ်စရိတ်၊ စစ်ဆေးခ၊ ဆိပ်ကမ်းခ၊ အကောက်ခွန်ကြီးကြပ်ရေးသိုလှောင်ရုံခ၊ တရုတ်အကောက်ခွန်အေးဂျင့်ကိုယ်စားလှယ်(တရုတ်အကောက်ခွန်ဆိုင်ရာပွဲစား)၊ ဝန်ဆောင်မှုစရိတ်တို့ ပါဝင်ပါသည်။ |
| ၇ | ကုန်စည်များကိုစစ်ဆေးခြင်း | ကုန်စည်များကို စာရွက်စာတမ်းများနှင့် ညီညွတ်မှုရှိ/မရှိ စစ်ဆေးပါသည်။ |
| ၈ | ပစ္စည်းထုတ်ယူခြင်း | အကောက်ခွန်မှ အကောက်ခွန်ရှင်းလင်းခြင်းပုံစံ ထုတ်ပေးပြီး ကုန်စည်များကို အကောက်ခွန်ကြီးကြပ်ရေးသိုလှောင်ရုံမှ သဘောတင်ခွင့်ပြုပါသည်။ |

China Customs Clearance Process

| Step | China Customs Clearance flow chart | | Summary |
|---|---|---|---|
| 1 | Customs agent prepare China Customs declaration application documents | | If your buyer/importer has china customs declaration license,the buyer/importer can handle the customs clearance procedure directly; if not, you need to entrust a chinese customs broker to handle the customs clearance process; |
